ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (2-2-2012) (ဂ၀၂၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီတွင် စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား တက်ရောက်ရန် Istana သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး အလေးပြုခံစင်မြင့်သို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

ပြည်တွင်းနိုင်ငံရေးတည်ငြိမ်လာမှုနှင့်အတူ ပြည်ပဖိအားပေးမှုများလည်း လျော့နည်းလာ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံနိုင်ငံများအပြင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်လာ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ စင်ကာပူသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၌ ဒီမိုကရေစီလမ်းစဉ်နှင့်အညီ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဟူသည့် ကဏ္ဍကြီး(၃)ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ အစိုးရသစ်အနေဖြင့် ဒီမိုကရေစီအတွေ့အကြုံ နုနယ်သေးသော်လည်း လက်ရှိတွင် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ပြီး ဒီမိုကရေစီရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာသည့်အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား စင်ကာပူသမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan နှင့် ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua နှင့် ဇနီး၊ စင်ကာပူနိုင်ငံ သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr. Lim Cheng Hoe၊ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဦးအေးခိုင်အား နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးအေးခိုင်အား နီပေါဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

၈း၁၅ ၁။ ဇာတ်လမ်းတို
၄း၄၀ ၂။ မွေးမြူသုတ
၄း၅၀ ၃။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၅ ၄။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၀)**
၆း၃၀ ၇။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၈။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၂၁)
၇း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၇)**
၁၀။ အနုပညာရှင်၏တစ်နေ့တာ
၁၁။ လှျပ်တစ်ပြက်
၁၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၂)**

အောင်ဘာလေဆုကြီးများ

နေပြည်တော် ဖေဖော်ဝါရီ ၁

(၂၇၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)
ဏ-၈၀၂၁၂၁

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)
ဃ-၉၄၈၉၄၄

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)
မ-၁၂၁၉၀၇

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀) ဆုများ
ပ-၇၅၆၄၂၀
ဆ-၉၇၁၆၅၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ
ဇ-၆၃၆၆၃၆
ဂ-၈၄၀၇၄၇
က-၂၁၅၄၃၆
ည-၆၄၅၂၄၄

ကျပ်သိန်း (၁၀၀) ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ထ-၁၃၉၆၃၆
ឲ-၄၀၈၃၂၅
ឲ-၁၉၂၆၀၅
ရ-၅၀၉၀၉၇
က-၁၂၈၄၀၅
င-၆၈၃၅၆၈
ဂ-၆၂၅၀၄၄
လ-၉၇၄၈၄၀
ယ-၆၆၀၇၉၂
ဒ-၄၆၀၀၆၈
ဖ-၁၂၁၇၉၉
ယ-၉၇၉၆၅၁
ည-၇၀၉၉၅၆
ဖ-၆၀၀၂၀၉
လ-၉၈၆၀၆၁

စာပေမြင့်မှ လူမျိုးတင့်မည်

TV Guide အတွဲ (၃) အမှတ် (၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၃) အမှတ် (၃) ကို ဇန်နဝါရီ ၃၁ ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MRTV-4 မှ ပထမဆုံးအကြိမ် စီစဉ်တင်ဆက်ပြီး တိုက်ရိုက်ထုတ်လွှင့်ပြသမည့် ၂၀၁၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲနှင့် အကယ်ဒမီစာရင်းဝင် ရုပ်ရှင်ဇာတ်ကားများအကြောင်း၊ MRTV ရုပ်သံလိုင်းတွင် ကြည့်ရမည့် "ချမ်းမြေ့ပျော်ရွှင်" ကိုရီးယားဇာတ်လမ်းတွဲသစ်၏ ဇာတ်လမ်းအကျဉ်း၊ Fox ရုပ်သံလိုင်းတွင် ပြသမည့် ဇာတ်ကားကောင်းများနှင့် တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည့် ဆုပေးပွဲအစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ် အချိန်ဇယားများပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850,391186), Market Care (01-223973,09-73073029)သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၅၅၀	၀. ၀၃၂၃၀
တရုတ် (ယွမ်)	၆. ၃၀၉၁၀	၀. ၁၅၈၅၀
အိန္ဒိယ (ရူပီး)	၄၉. ၂၇၇၇	၀. ၀၂၀၂၉
မလေးရှား (ရင်းဂစ်)	၃. ၀၄၂၅၀	၀. ၃၂၈၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၁၀၉	၀. ၇၉၉၃၀
ဂျပန် (ယန်း)	၇၆. ၁၂၈၄	၀. ၀၁၃၁၄
တောင်ကိုရီးယား(ဝမ်)	၁၁၂၃. ၆၁	၀. ၀၀၀၈၉
ယူရို	၀. ၇၅၈၈၀	၁. ၃၁၇၈၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၁၇	၁. ၅၈၄၃၇

အင်တာနက်။

ကြေးမုံစာတည်းရှုထောင့် ၂-၂-၂၀၁၂[ကြာသပတေးနေ့]။

အတွေးမှန် အမြင်မှန် စေတနာမှန်

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က သစ်သားမီးခြစ်တစ်ဘူးလျှင် ၁၀ ပြား၊ စီးကရက်တစ်လိပ်လျှင် ပြား ၅၀ ဖြင့် ရောင်းချနေသော အချိန်ကာလက မည်သည့်အလုပ်ကိုမဆို ဈေးတွက်တွက်၍ အကျိုးအမြတ်တွက်ချက်လုပ်ကိုင်တတ်သူတစ်ဦး ရှိခဲ့ဖူးသည်။ တစ်နေ့တွင် မီးခြစ်ဆံတစ်ဆံ ခြစ်လိုက်ပြီး စီးကရက်ငါးလိပ်ကို တစ်ပြိုင်တည်း မီးညှိလိုက်သည်။ မည်သည့်အတွက် စီးကရက်များကို တစ်ပြိုင်တည်း မီးညှိထားရသနည်းဟု မေးရာ "မီးခြစ်ဆံဖိုး ကုန်မည်စိုး၍ စီးကရက်များကို တစ်ခါတည်း မီးညှိထားခြင်းဖြစ်ကြောင်း" ပြောပါသည်။ မီးခြစ်ဆံဖိုး အကုန်အကျသက်သာရန် တန်ဖိုးပိုများသည့်စီးကရက်များကို မီးညှိထားသူ၏ တွေးခေါ်ပုံကို ခန့်မှန်းကြည့်လျှင် သိနိုင်ပါသည်။

မျက်မှောက်ကာလကဲ့သို့ နိုင်ငံခေတ်မီဖွံ့ဖြိုးစေရေး ဘက်စုံကဏ္ဍစုံက ပြုပြင်တည်ဆောက်နေသည့်အချိန်အခါတွင် တွက်ခြေကိုက်ဝင်ငွေတိုးအကျိုးဖြစ်ထွန်းစေမည့် အချက်မှန်သမျှကို သတိပြုကြရန် လိုအပ်သည်။ လုပ်ငန်းတစ်ခုကို တည်ထောင်ရာ၌ ရင်းနှီးစိုက်ထုတ်ရမည့် ငွေကြေးနှင့် ထွက်ပေါ်လာမည့် အကျိုးအမြတ်တို့ကို ချိန်ထိုးတွက်ချက်ကြရပေမည်။ အထူးသဖြင့် ငွေလုံး၊ ငွေရင်း၊ ပစ္စည်းထုထည်ပမာဏကြီးမားသည့်လုပ်ငန်းမျိုးတွင် ရေရှည်အကျိုးမျှော်ကိုး တွေးဆလုပ်ဆောင်ကြရပေမည်။

အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကအနေဖြင့်ဖြစ်စေ ဒေသတစ်ခုတွင် ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းသစ်တစ်ခု တည်ထောင်လိုက်ခြင်းသည် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည်။ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်သည်။ ရည်ရွယ်ချက်များ ကောင်းမွန်ပါသည်။ သို့သော် အဆိုပါလုပ်ငန်း၌ အသုံးပြုမည့်ကုန်ကြမ်းပစ္စည်း ပြည့်စုံမှု၊ ကုန်ကြမ်း အလွယ်တကူသယ်ယူရရှိနိုင်မှု၊ လုပ်ငန်းတစ်ခုလုံး စွမ်းဆောင်ရည်အပြည့်အဝဖြင့် စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်မှုတို့ ဘက်စုံကောင်းမွန်မှု ရှိရပေမည်။ သာမန်ကုန်ပစ္စည်းထုတ်လုပ်နေရုံဖြင့် ရပ်တန့်မနေဘဲ ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး အလေးထားကြရမည်ဖြစ်သည်။

ထို့အတူ စိုက်ပျိုးမြေ ကျယ်ကျယ်ပြန့်ပြန့်ရှိသောဒေသများ၌ စိုက်ပျိုးရေး၏အသက် စိုက်ပျိုးရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် အားထုတ်နေကြသည်များလည်း ရှိသည်။ ရေအရင်းအမြစ် ရနိုင်သည့်နေရာများမှ တတ်နိုင်သမျှ ထုတ်လုပ်အသုံးပြုလျက်ရှိရာ ကုန်ကျစရိတ်နှင့် ရေရရှိမည့် စိုက်ပျိုးမြေပမာဏတို့ အချိုးမျှမှန်ကန်ရန် အရေးကြီးသည်။

မည်သည့်လုပ်ငန်းမျိုးကိုမဆို အစပျိုးလုပ်ကိုင်သည့်အခါ ရှုထောင့်တစ်ခုတည်းဖြင့် မကြည့်သင့်ပေ။ ဘက်စုံအကြောင်းအရာစုံက ရှုမြင်ကြရပေမည်။ မိမိတို့ ထူထောင်လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခု ရေရှည်အကျိုးဖြစ်ထွန်းစေရေး မှန်းဆရှုမြင်ကြရပေမည်။ ရည်ရွယ်ချက်ကောင်းရုံသာမက နိုင်ငံနှင့်လူမျိုးအကျိုးပြုနိုင်ရေး အလေးထားလုပ်ဆောင်ကြရပေမည်။

နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီးရှိ လုပ်ငန်းဟူသမျှတို့တွင် အခက်အခဲများ ရှိတတ်သည်။ အတွေးမှန်၊ အမြင်မှန်ဖြင့် ဦးစားပေးရမည့်လုပ်ငန်းနှင့် ပုံမှန်လုပ်ရမည့် လုပ်ငန်းတို့ကို ခွဲခြားလုပ်ကိုင်ကြရန်သာ လိုသည်။ မိမိတို့လုပ်ကိုင်နေကြသော လုပ်ငန်းသည် မိမိတို့၏ ဂုဏ်သိက္ခာပင်ဖြစ်ရာ မိမိအကျိုးထက် အများအကျိုး ရှေးရှုပြီး အတွေးမှန် အမြင်မှန် စေတနာမှန်ဖြင့် လုပ်ကိုင်သွားခြင်းဖြင့် နိုင်ငံသစ်တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တာဝန်ကျေအောင် ပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။ ။

◆ ရှေ့ဖုံးမှ

သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ထပ်မံခံယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Istana သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စင်ကာပူသမ္မတက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ပရိတ်တရားတော်
၈း၁၀	၂။	လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်
၈း၂၀	၃။	အကပဒေသာ
၈း၃၀	၄။	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု အစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၅၀	၂။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ်(ပထဝီဝင် အထူးပြု)(ပထဝီဝင်)
၅း၀၅	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅	၄။	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၃၀	၅။	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅	၆။	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၆း၄၀	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၈)**
၇း၃၀	၁၁။	မြန်မာ့အင်ဂျင်နီယာတို့ရဲ့စွမ်းပကားဧရာဝတီ မြစ်ကူးပခုက္ကူတံတား
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	အစာလည်းဆေး၊ ဆေးလည်းအစာ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသဒ္ဒေါ" (အပိုင်း-၂)
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၀)



မွန်ပြည်နယ်တွင် စီမံကိန်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁

မွန်ပြည်နယ် စီမံကိန်းအစည်းအဝေးနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအောင်ဆန်းခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်းဦးစီးဌာနမှူးက ပဉ္စမကာလတို (၅)နှစ်စီမံကိန်း အသစ်ပြန်လည်ရေးဆွဲခြင်းအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့လုပ်ငန်း/ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စည်ပင်သာယာရေးကဏ္ဍ၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ (၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် လမ်း(၅၀)ထောင့်ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ဂုဏ်ပြုဆုရရှိသူများ၊ လုပ်ငန်းဆိုင်ရာဂုဏ်ပြုဆုရရှိသူများ၊ ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ ဌာနတွင်းသင်တန်းနှင့် နိုင်ငံခြားသား ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများ၊ (၅)ကြိမ်နှင့်အထက် သွေးလှူဒါန်းသူများ၊ ဝန်ထမ်းသားသမီးများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ အိမ်ရာသန့်ရှင်းရေးနှင့် စိုက်ပျိုးရေးဂုဏ်ပြုဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

ညှိနှိုင်းဆောင်ရွက်နေမှု၊ မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီအပါအဝင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးဆောင်ရွက်ပေးထားမှု၊ ပြည်တွင်း နိုင်ငံရေးအခြေအနေ တည်ငြိမ်လာမှုနှင့်အတူ ပြည်ပဖိအားပေးမှုများလည်း လျော့နည်းလာမှု၊ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် ဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားရှိမှုနှင့် မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများရှိပြီးဖြစ်၍ စင်ကာပူနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူနိုင်ငံက ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စင်ကာပူသမ္မတက နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာများက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှုများကို သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လာမည့် ကြားဖြတ်ရွေးကောက်ပွဲကိုလည်း တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံမှ ကုန်သည်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စီးပွားရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မေရီတန်တို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော် West Drawing Room ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဧည့်ခံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ စင်ကာပူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

ကြေးမုံသို့ အိတ်ဖွင့်ပေးစာ

ရေတိုရေရှည်အတွေး

ပုံမှန်အချိန်သတင်းစာဖတ်လျှင် နာရေးနှင့် နိုင်ငံတကာသတင်းကို ဦးစားပေးဖတ်ဖြစ်သည်။ ယခု ဖတ်စရာတစ်ခု တိုးလာသည်။ ခေတ်ကာလ လတ်တလောဖြစ်စဉ်များအပေါ် သုံးသပ်ချက်များနှင့် အမြင်စူးရှသော အရောင်အသွေး၊ အတွေးအမြင်စုံလင်သော "ကြေးမုံစာတည်းရှုထောင့်"ကို လည်း မလွတ်တမ်းဖတ်ဖြစ်လာခဲ့သည်။

၂၉-၁-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ရေတိုရေရှည်" စာတည်းရှုထောင့်ကိုဖတ်ပြီး အတွေးရှည်မိသည်။ အာရှနိုင်ငံတစ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် သုံးသပ်စကားမှာ စေတနာမှန်ငြားလည်း "နာသာခံခက်" ခံစားရသည်။ နိုင်ငံတကာအဆင့်မီရပ်တည်နိုင်ရန် အသက်(၁၄)နှစ်အထက် ပြည်သူအားလုံးကို ပြောင်းလဲပစ်ဖို့လိုသည်ဆိုစကား။ ဤစကားမျိုးကို လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်ကလည်း နားနှင့်ဆတ်ဆတ်ကြားခဲ့ဖူးသည်။ ထိုခေတ်က ပုဂ္ဂိုလ်တစ်ဦးသည် ရခိုင်ပြည်နယ်မြောက်ဦးမြို့သို့ ရောက်လာသည်။ ထုံးစံအတိုင်း သမဆိုင်များကို ဝင်ရောက်လေ့လာသည်။ လိုလေသေးမရှိ ပစ္စည်းစုံရှိနေသော ဆိုင်တွင် ဝယ်ယူသူမရှိ၊ ဆိုင်ဝန်ထမ်းနှင့် စကားစမြည်ပြောသည်။ နောက်တစ်ဆိုင်လည်းဤအတိုင်း။ ဆက်မသွားတော့ဘဲ ပြန်လှည့်သည်။ ထိုပုဂ္ဂိုလ်က အပိုမပါ ရင်တွင်းစကားကို ပြောသွားခဲ့သည်။ "ဤစနစ်အောင်မြင်ဖို့ အသက်(၂၀)အထက် လူတွေအားလုံးကိုရှင်းပစ်ရမယ်"ဟူ၏။ လုပ်ပြနေကြသော၊ လုပ်စားနေကြသော မြင်ကွင်းအပေါ် မချိတင်ကဲခံစားပြောစကား။

ယနေ့ မျက်မှောက်ခေတ်ကာလတွင် လူတစ်ဦးချင်းစီ၏ ဉာဏ်ရည်(IQ)နှင့် စိတ်အသိခံစားမှု (EQ)အဆင့်မြင့်မားမှုက အရေးကြီးလာသည်။ ဒီမိုကရေစီစနစ်သည် ပရမ်းပတာရပ်ဝန်းတွင် ရှင်သန်ရိုးထုံးစံမရှိ။ "စာတည်းရှုထောင့်" ထောက်ပြသလို နိုင်ငံသားတိုင်း၏ တာဝန်သိစိတ်၊ တာဝန်ယူစိတ်တို့ဖြင့်သာ နိုင်ငံ၏အုတ်မြစ်ကို ခိုင်မာစွာ တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကြံ့ခိုင်မှုကို အုတ်ကျောက်တို့ဖြင့် မတည်ဆောက်နိုင်၊ နိုင်ငံသားများ၏ Character နှင့်သာ တည်ဆောက်ရသည်ဟု လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က နိုင်ငံရေးသုခမိန်တစ်ဦး ဆိုစကား၊ ယနေ့ထိမှန်နေဆဲဖြစ်သည်။ Character ပျက်ယွင်းပရမ်းပတာဖြစ်လာပြီဆိုပါက ပိုင်ဆိုင်ထားသမျှ မြေပေါ်မြေအောက် သယံဇာတသည်လည်း နိုင်ငံအတွက် အကျိုးမပြုနိုင်တော့ပြီ။

နိုင်ငံ၏ရုပ်ပိုင်းဆိုင်ရာတည်ဆောက်မှုကို သတ်မှတ်အချိန်တိုအတွင်း လုပ်ဆောင်နိုင်သည်။ သို့သော် စိတ်ဓာတ်ကို ပြုပြင်ပြီး တည်ဆောက်ရာတွင် အချိန်ကန့်သတ်မရနိုင်ပါ။ ထိုနည်းတူ သီးသန့်အချိန်ပေးစရာလည်းမလိုပါ။ အရင်ဆုံး ပြုပြင်တည်ဆောက်ရမည့်သူကား မိမိကိုယ်တိုင်ပင်ဖြစ်သည်။ မိမိသည် (၁၄)နှစ်အထက် (ဝါ) (၂၀)နှစ်အထက်ရှင်းလင်းရမည့် အမှိုက်စာရင်းဝင်လူသားတစ်ဦးလား။ "ပန်းပုဆရာထုံးနှလုံးမူ" ကာ မညာမတာဆန်းစစ်ပြုပြင်တည်ဆောက်နိုင်ရမည်။ ပြီးမှ မိမိဝန်းကျင်၊ မိမိနိုင်ငံ စသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်သလောက်ဝန်ကို တာဝန်သိစိတ်နှင့် ထမ်းဆောင်သွားကြရမည်။

ဤလုပ်ရပ်သည် လောကဦးသျှောင် ရှင်တော်မြတ်ဘုရား၏ လမ်းစဉ်လည်းဖြစ်သည်။ ဗုဒ္ဓသည် သံသရာနွံထဲမှ မိမိကိုယ်တိုင်လွတ်မြောက်အောင် ရုန်းထွက်ပြီးမှသာလျှင် ဝေနေယျသတ္တဝါတို့အား ကယ်တင်မှုကိုပြုခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင် နွံထဲမှာရှိနေပြီး ဘဝတူချင်းအပေါ် ကယ်တင်ဖို့ကြိုးစားလျှင် လောကရယ်ဖွယ် ဖြစ်လိမ့်မည်။

ကြေးမုံစာတည်းရှုထောင့်၏ စိတ်ဓာတ်ပြုပြင်ရေးရေရှည်သည် နှစ်ပေါင်းမည်မျှကြာဦးမည်နည်း။ နိဂုံးစကားအပေါ် ကျွန်တော့်အမြင်ကို ပြောရပါလျှင် ကျွန်တော်တို့၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးက အဆုံးအဖြတ်ပြုလိမ့်မည်။ ကျွန်တော်တို့၏ မိမိကိုယ်ကိုတည်ဆောက်နိုင်မှုအချိန်ကာလအတိုင်းအတာနှင့်သာ အဆုံးအဖြတ်ပြုနိုင်မည်ထင်ပါကြောင်း တင်ပြလိုက်ရပါသည်။ **အောင်ကျော်ညို(ဆင်ချဆိပ်)**

ကျောင်းကုန်းမြို့နယ် ရေခလုပ်(ချောင်းဝ) တံတားသစ်ဖွင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရေခလုပ်(ချောင်းဝ)တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါ ရေခလုပ်(ချောင်းဝ)တံတားသစ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းထွန်းနှင့် ဂျပန်သံမှူးကြီး မစ္စတာ ICHIRO MARUYAMA တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက တံတားသစ်၏ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

အဆိုပါ တံတားမှာ အလျားပေ ၁၆၀၊ အနံ ၁၀ ပေ၊ အမြင့် ၂၃ ပေရှိ သံကူကွန်ကရစ်ဘိုးပိုင်တိုင် သံပေါင်တံတားဖြစ်ပြီး ငွေကျပ် သိန်း ၁၀၀၀ ကုန်ကျကြောင်း သိရသည်။ (၃၆၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ တွေ့ဆုံဆွေးနွေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံ ဆွေးနွေးကြသည်။

ရင်းနှီးခင်မင်စွာဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကဏ္ဍတွင် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသားများအား ပညာသင်ဆုများ ထောက်ပံ့ပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်စေရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်၊ ဘဏ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် အထောက်အကူပြုစေမည့် မူဝါဒနှင့် ဥပဒေမူဘောင်များ ချမှတ်ခြင်းဆိုင်ရာ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေသွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စာချွန်လွှာ လက်မှတ်ရေးထိုး

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စင်ကာပူသမ္မတနိုင်ငံကိုယ်စား စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥပဒေရေးရာ ဝန်ကြီး Mr. K Shanmugam တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား စင်ကာပူဝန်ကြီးချုပ်က Istana သမ္မတအိမ်တော် Banquet Hall ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကဏ္ဍတွင် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသားများအား ပညာသင်ဆုများ ထောက်ပံ့ပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်စေရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်၊ ဘဏ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် စင်ကာပူနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေသွားရေးဆွေးနွေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

AM & PM.

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ “ဒိဋ္ဌိကို အသိနဲ့ ရှေးဦးစွာခွာပြီးမှ ဝိပဿနာရှုကြရန်”တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ASEAN-KOREA Film Community Project in Myanmar)
- ၁၀း၅၅ သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
- ၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Rose Mary Collection) ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား
- ၁၁း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ”(အပိုင်း-၅)**
- ၁၂း၃၅ သုမေဓာစေတီ ထီးတော်တင်လှူပွဲတော်
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဗုဒ္ဓသာသနရက္ခိတ စုပေါင်းအလှူရှင်များကုသိုလ်ပြုပွဲ)
- ၅း၀၅ ရန်ကုန်မြင်ကွင်းကျယ် (My Choice Restaurant ဆိုင်ဖွင့်ပွဲအခမ်းအနား)
- ၅း၁၅ ပြုံးပန်းဝေဖြာ ဝိဇာတမင်္ဂလာ (ဓမ္မဒူတတောရသာသနာ့ရိပ်သာ)
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ” (အပိုင်း-၅)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၁၀၆)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၉း၂၀ The Shop Around The Corner (Part-14)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၅၉)**
- ၁၀း၁၅ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ် မြောက်မြေခြားရွာသို့ အလည်တစ်ခေါက်
- ၁၀း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ”(အပိုင်း-၆)**
- ၁၁း၀၀ မူဟန်ကိုယ်စီတေးကိုသီ
- ၁၁း၁၅ စာပေထဲကကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
- ၁၁း၅၀ Celebrity Profile (Lee Byaung Hun)
- ၁း၄၅ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ရွှေနန်းဆန်ဆန်၊ ပုဂံဟန်ပန်၊ Auremum Palcae အသွင်သဏ္ဌာန်
- ၄း၂၅ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း. . . မြို့ကျောက်မဲ၏ ဂုဏ်သတင်း
- ၄း၄၅ ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများ ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၅၈၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

သား၊ ငါးကဏ္ဍနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များ ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စီမံကိန်း (မူကြမ်း)၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း(မူကြမ်း)၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ ရသုံးမှန်းခြေ ငွေစာရင်းများ၊ သာမန်ရငွေနှင့် အသုံးစရိတ်၊ ငွေလုံးငွေရင်းကဏ္ဍ ရငွေ၊ သုံးငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တင်ပြထားသည့် ရငွေ၊ သုံးငွေစာရင်းများ၊ ရငွေအသုံးစရိတ်စာရင်း (သာမန်)မှ ရငွေ၊ သုံးငွေစာရင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်များဖြစ်သည့် အသားတင် ဝန်ဆောင်မှုတန်ဖိုး (၂၁ ဒသမ ၂) ရာခိုင်နှုန်းတိုးတက်စေရန်နှင့် တယ်လီဖုန်း လုံးရေ (၂၂၂၈၆၇၉) နှင့် တယ်လီဖုန်း သိပ်သည်းဆ (၄ ဒသမ ၂၈)ရာခိုင်နှုန်း အထိ တိုးတက်စေရန်နှင့် အင်တာနက်သုံးစွဲသူ (၅)သိန်းအထိ တိုးတက်စေရန် ဆောင်ရွက်နေမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်အဖြစ် အသားတင် ဝန်ဆောင်မှုတန်ဖိုး (၁၁၈)ရာခိုင်နှုန်း တိုးတက်စေရန်နှင့် တယ်လီဖုန်း လုံးရေ (၆၁၂၀၈၄၃)နှင့် တယ်လီဖုန်း သိပ်သည်းဆ (၁၁ ဒသမ ၇) ရာခိုင်နှုန်းအထိ တိုးတက်စေရန်နှင့် အင်တာနက်သုံးစွဲသူ (၁)သိန်းအထိ တိုးတက်စေရန်လျာထားမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်နှင့် ငွေလုံးငွေရင်း ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန် ရငွေနှင့် အသုံးစာရင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း အတွက် ရှင်းလင်းချက်၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းရှင်းလင်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ စာရင်းရှင်းလင်းချက်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကြွေးမြီရငွေနှင့် အသုံးစရိတ် ရှင်းလင်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်စာရင်း ရှင်းလင်းချက်တို့ကို ရှင်းလင်းတင်ပြသည်။

သတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁ - ၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်မှုနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

စက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း (၁၀)ခုနှင့် ဝန်ကြီးဌာန၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာများကို လည်းကောင်း။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက နည်းပညာ ဖွံ့ဖြိုးမှု၊ စက်ရုံ အရင်းအနှီး၊ စွမ်းအင်လိုအပ်ချက်နှင့် စက်မှုကုန်ကြမ်း လိုအပ်ချက်တို့ကို ကျော်လွှားနိုင်စေရန်နှင့် စက်မှုဖွံ့ဖြိုးရေး ကဏ္ဍတွင် နိုင်ငံတော်က ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍ၊ ဖက်စပ်ပိုင်ကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍတို့မှ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည့် အမျိုးသား စက်မှုဖွံ့ဖြိုးရေး အခြေအနေကို ဖန်တီးနိုင်ရန်ရည်ရွယ်၍ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းပြီး လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍကြီး(၃)ရပ် ဖြစ်သည့် စက်မှုလုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်းနှင့် လေကြောင်းနှင့် အာကာသလုပ်ငန်းတို့ကို ဖွဲ့စည်းတည်ထောင်ရေးအတွက် စီမံဆောင်ရွက်နေမှုနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်း အခြေအနေ၊ ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေး ကြေးရေး ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် စာရင်း၊ မူလလျာထားချက်ထက် ရငွေပိုမိုတိုးတက်ရှာဖွေနိုင်ခဲ့မှု၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအခြေအနေ၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ရငွေနှင့် သာမန်အသုံးစရိတ်စာရင်း၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ဌာနများအလိုက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ် လျာထားချက်၊ ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဟိုတယ်နှင့် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြား ငွေ ရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပဥ္စမ (၅)နှစ်စီမံကိန်း ကာလ ကုန်ဆုံးသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း (၁ ဒသမ ၄)သန်း ဝင်ရောက်ရန်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဝင်ငွေ၏ (၁ ဒသမ ၁၉)ဆ တိုးတက်ရန် လျာထားဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံမူ (၄)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ ဖွဲ့စည်းထားရှိမှု၊ မိမိဝန်ကြီးဌာန ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းဝင်ငွေရရှိမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်မှ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံထားမှု၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပိုငွေရရှိမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတို့ကို လည်းကောင်း။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စီမံကိန်း(မူကြမ်း)၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း (မူကြမ်း)၏ ရည်မှန်းချက်များဖြစ်သည့် သမဝါယမအသင်းများ၏ စီမံကိန်းအကောင်အထည်ဖော်မှုတွင် (၆ ဒသမ ၁) ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုကဏ္ဍတွင် (၅ ဒသမ ၇) ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍတွင် (၂ ဒသမ ၈)ရာခိုင်နှုန်းနှင့် ကုန်သွယ်မှု ကဏ္ဍတွင် (၉ ဒသမ ၇) ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးကို ညနေ ၄ နာရီ ၃၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကောင်းစည်သူ၏ ဂိုးဖြင့် မြန်မာယူ-၂၃ အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲပထမပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်း၌ ကျင်းပရာ **(အောက်ပုံ)** မြန်မာယူ-၂၃ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

မြန်မာလူငယ်ယူ - ၂၃ - တစ်ဂိုး
(ကောင်းစည်သူ)
အူလ်ဆန်တက္ကသိုလ် - ဂိုးမရှိ

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်း၏ ပထမဆုံး ခြေစမ်းပွဲစဉ်မှာ အနိုင်ရလဒ်ဖြင့် တာထွက်ကောင်းခဲ့သည်။ ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ကြည်လင်းတို့ဖြင့် မြန်မာယူ-၂၃ အသင်းမှာ အကောင်းဆုံး

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

လူစာရင်းဖြင့် ပွဲထွက်ကာ အူလ်ဆန်တက္ကသိုလ်ကို ရင်ဆိုင်ခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်းမှာ ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ ပထမပိုင်းပြီးခါနီးတွင် ဂျောင်ဟီ၏ အဝေးကန်ချက်မှာလည်း ဘားထိထွက်သွား၍ နစ်နာခဲ့ရသည်။ မြန်မာယူ-၂၃ အသင်းမှာ ဒုတိယပိုင်းတွင် လူအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး အနိုင်ဂိုးကို ၇၉ မိနစ်တွင် ကောင်းစည်သူက ဂိုးသမားကိုလိမ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်အား International IDEA, Secretary General နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်အား International IDEA, Secretary General Mr.Vidar Helgesen နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စများ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည် International IDEA, Secretary General Mr. Vidar Helgesen အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၅နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ရဲချုပ် ကျော်ကျော်ထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အရာထမ်းများလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲအကောင်အထည်ဖော်နေရသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် ကျင့်သုံးရမည့် အခွန်စည်းကြပ်ရေးပေါ်လစီ (Tax Policy)၊ အသုံးစရိတ်ပေါ်လစီ (Expenditure Policy)၊ စီးပွားရေးပေါ်လစီ(Economic Policy)များကို သိရှိနားလည်ပြီး နိုင်ငံတော်ရည်မှန်းချက်ဖြစ်သည့် ရငွေနှင့် သုံးငွေညီမျှသည့် ဘတ်ဂျက် (Balanced Budget)ဖြစ်ပေါ်စေရေး အထူးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၁၁)ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားရာတွင် ယခုသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် အရာထမ်းသင်တန်းသား သင်တန်းသူများသည် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေစာရင်းပေါင်းချုပ်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများ၊ နိုင်ငံခြားငွေ၊ ပြည်ပကြွေးမြီစာရင်း၊ ဘဏ္ဍာရေးစည်းမျဉ်း ဝန်ထမ်းစည်းမျဉ်းဘာသာရပ်၊ ရုံးလုပ်ငန်းနှင့် ငွေစာရင်းဘာသာရပ်များကို လေ့လာသင်ယူတတ်မြောက်ကြပြီးဖြစ်သည့်အတွက် သင်တန်းမှ ပို့ချလိုက်သည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိထိမိမိအသုံးချနိုင်တော့မည်ဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများသည် သင်တန်းမှသင်ကြားရရှိပြီးဖြစ်သည့် လုပ်ငန်းဆိုင်ရာအချက်အလက်များကို မိမိတို့ရရှိထားသည့် လုပ်ငန်းကျွမ်းကျင်မှုများနှင့် ပေါင်းစပ်ပြီး မိမိတို့ဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြရန်၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ မှန်ကန်တိကျသည့် စာရင်းဇယားများတင်ပြနိုင်ရေး ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အရာထမ်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရ ဒေါ်ဝင့်ရည်ထွေး၊ ဒုတိယဆုရ ဦးခင်မောင်ဌေးနှင့် တတိယဆုရ ဦးနန်းအောင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား ဦးမြင့်ကျော်သူထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် မွန်ပြည်နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၂၈ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်ယာနှင့် စိုက်ပျိုးရေးကဏ္ဍတို့၌ သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များကို အသုံးချ၍ စိုက်ပျိုးလျက်ရှိသော မုဒုံမြို့ရှိ မုဒုံဗဟိုစိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုကြပြီး**(အပေါ်ပုံ)** ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၏ နွားမွေးမြူရေးခြံ၌ မျိုးမြင့်နို့စားနွားမွေးမြူမှု၊ ဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်မွေးမြူမှု၊ ကြက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံတို့၌ ကြက်နှင့်ဘဲ မွေးမြူထားရှိမှု၊ နွားတို့၏ စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ (Bio-gas) ထုတ်လုပ်ရန်အတွက် ဇီဝဓာတ်ငွေ့သိုလှောင်ကန်များ တည်ဆောက်နေမှုနှင့် ဘဲရမ်းနွေစပါး အထူးစိုက်ခင်း၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော လယ်ယာမြေဧက ၂၀၀ တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒေသကုန်ထုတ်လုပ်ငန်းများ၊ ဒေသထွက်သီးနှံများနှင့် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချနေမှုများ၊ လူပျိုကြီးရော်ဘာပျိုးပင်နှင့် သစ်သီးခြံလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်ရှိ ရိုးဂိုးဘုရားအားသွားရောက်ဖူးမြော်၍ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းအတွက် ဘိလပ်မြေအိတ် ၂၀၀ ပေးအပ်လှူဒါန်းပြီး ဖားအောက်မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မူလတန်းကျောင်း ပြုပြင်မွမ်းမံရေးအတွက် ငွေကျပ်သိန်း ၅၀ ကို လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့နယ်အတွင်း ရေရရှိရေးအတွက် ရွှေနတ်တောင်ရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ ကန်(၃)ကန်ရပ်ကွက်၊ မရမ်းကုန်းရပ်ကွက်၊ ဒိုင်းဝန်ကွင်းရပ်ကွက်၊ အတ္တရံရေပေးရေးစီမံကိန်းများ၌ ရေရရှိရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက်တွင် ကွန်ပျူတာတက္ကသိုလ် (သထုံ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ် သင်ကြားနေမှုကို ကြည့်ရှု၍ ကွန်ပျူတာတက္ကသိုလ် (သထုံ)မှ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ဓာတ်၊ စည်းကမ်းနှင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားလေ့လာသင်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၁

ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေး၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လိုင်စင်လက်ခံထုတ်ပေးခြင်းဆိုင်ရာများ၊ ငွေစာရင်းဆိုင်ရာများ၊ ပို့ကုန်သွင်းကုန်စာရင်းဇယားဆိုင်ရာများ၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတကာကုန်သွယ်မှုမူဝါဒ၊ လုပ်ထုံးလုပ်နည်းမူဝါဒ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသော၊ မိမိဌာနကို ကောင်းအောင်ကြိုးစားသော၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားသော စိတ်ဓာတ်စည်းကမ်းအရည်အချင်းပြည့်ဝပြီး ဌာနက အားထားရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစား လေ့လာသင်ယူသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်ကြမည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင် သင်တန်းတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁

အိန္ဒိယနိုင်ငံ ITEC အစီအစဉ်အရ National Institute of Entrepreneurship & Small Business Development (NIESBD), Noida, New Delhi ၌ ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၅ ရက်အထိ ကျင်းပမည့် Innovative Leadership for Organization Growth and Excellence (ILOGE) သင်တန်းတက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ငြိမ်းငြိမ်းအိနှင့် ဒေါ်ဝါဝါမင်းတို့သည် ဇန်နဝါရီ ၂၈ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ နာယက ဒေါ်တင်ရွှေ၊ စည်းရုံးရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးညွှန့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

စစ်ရေးချုပ်ရုံး၌ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ/စစ်သည်၊ အရပ်သား/အရပ်သူ ဝန်ထမ်းမိသားစုများက ကွယ်လွန်သူများအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း) လက်ခံစဉ်။

(ကြေးမုံ)

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ဖွင့်လှစ်ခဲ့သော တံတားများ

နဂါးပေါက်တံတား

* နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းတွင်ရှိပြီး ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ငါးစင်းမြောက်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင် တည်ရှိသည်။ ယခင်လမ်းကြောင်းမှာ ၄၆ မိုင် ကွာဝေးပြီး ယခုတည်ဆောက်ပေးသည့် တံတားကိုအသုံးပြု၍ ဒိုက်ဦးမှ စစ်တောင်းသို့ ဖြတ်လမ်းမှသွားပါက ၂၁ မိုင် ခြောက်ဖာလုံသာဝေးသည့်အတွက် ၂၄ မိုင် နှစ်ဖာလုံ သက်သာသွားမည်ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

စစ်တောင်းတူးမြောင်းတံတား

* စစ်တောင်းတူးမြောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၅/၄) တွင် တည်ရှိပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၄ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ခြောက်စင်းမြောက်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲစီပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* စစ်တောင်းတူးမြောင်းတံတားသည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင် တည်ရှိပြီး ဒိုက်ဦး-စစ်တောင်းလမ်းမှသွားလျှင် ၂၄ မိုင်ခန့် သက်သာသွားသည့်အပြင် အချိန်တိုအတွင်း မော်တော်ယာဉ်ကြီးများ အလွယ်တကူသွားလာနိုင်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ကျားထူးချောင်းတံတား

* ကျားထူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းတွင် တည်ရှိပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ခုနစ်စင်းမြောက်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* မကွေးမြို့မှ ပျော်ဘွယ်မြို့သို့ ရိုးမကိုဖြတ်၍ အရှေ့မှ အနောက်သို့ တိုက်ရိုက်သွားလာနိုင်ခြင်း၊ ပျော်ဘွယ်မှတစ်ဆင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ သွားလာနိုင်ခြင်း၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းမှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့လည်းကောင်း၊ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည်။

ရဲနွယ်ချောင်းတံတား

* ရဲနွယ်ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်း မိုင်တိုင်အမှတ်(၁၃/၆)နှင့် (၁၃/၇)ကြားတွင် တည်ရှိပြီး ၂၀၁၁ ခုနှစ် မေ ၁၂ ရက်တွင် စတင်အကောင်အထည်ဖော်၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ် လက်ထက်တွင် (၁၀)စင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲစီပါရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ(ယာဉ်+ကုန်) ၇၅ တန်ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၁၀၅ ပေနှင့် ရေလမ်းကင်းလွတ် အမြင့် ၁၀ ပေရှိပြီး ထူးကဲမိုးရွာသွန်းမှုကြောင့် များပြားလာမည့် ချောင်းရေ ဖြတ်စီးနိုင်အောင် ချဉ်းကပ်လမ်းပေါ်၌ ပေ ၂၀ ပတ်လည်အကျယ်ရှိ ရေထုတ်ပြွန်တစ်လုံးကို ထည့်သွင်းတည်ဆောက်ပေးထားသည်။
* ဖောက်လုပ်ဆဲ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ရိုးမဖြတ်ကျော်လမ်း ဒုတိယလမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်းပေါ်တွင် တည်ရှိသဖြင့် ထိုတံတားမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းသို့ အလွယ်တကူ တိုက်ရိုက်သွားလာနိုင်ပြီး မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။ အလားတူ နိုင်ငံတော်သမ္မတကလည်း စင်ကာပူသမ္မတအား ၎င်းနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ညစာသုံးဆောင်နေစဉ် စင်ကာပူ တပ်မတော်တီးဝိုင်းက တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေသည်။

ယင်းနောက် စင်ကာပူသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၆၆ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြပါကြောင်း၊ ထိုစဉ်ကာလမှစ၍ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုသည် ခိုင်မာသည်ထက်ခိုင်မာခဲ့ပါကြောင်း၊ နယ်ပယ်ကဏ္ဍအများအပြားရှိ မိမိတို့နှစ်နိုင်ငံအကြား ဆက်သွယ်မှုများသည် နီးစပ်ပြီး ပိုမိုကျယ်ပြန့်လာခဲ့သကဲ့သို့ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်း အထူးကောင်းမွန်လျက်ရှိပါကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံမှ အတတ်ပညာရှင်များ၊ ကျောင်းသားများနှင့် ခရီးသွားများ စင်ကာပူနိုင်ငံသို့ ပိုမိုရောက်ရှိလာသည့်အတွက် နှစ်နိုင်ငံအကြား ပြည်သူများ၏ ကူးလူးဆက်သွယ်မှုများသည်လည်း တိုးမြင့်လာခဲ့ပါကြောင်း။

အဆွေတော် သမ္မတကြီး၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို အခန်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့ နှစ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများသည် စင်ကာပူ-မြန်မာ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါကြောင်း၊ စင်ကာပူ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စတင် သော ၁၉၉၂ခုနှစ်မှ ယနေ့အထိ စင်ကာပူနိုင်ငံသည် နယ်ပယ်ပေါင်းစုံမှ မြန်မာအရာရှိပေါင်း ၇၅၀၀ အတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ ယခု လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာပါအတိုင်း မြန်မာနိုင်ငံ၏ စွမ်းရည်မြှင့်တင်ရေး ကြိုးပမ်းမှုတွင် စင်ကာပူနိုင်ငံမှ ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဒီမိုကရေစီရှင်သန်ရေးတွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပေါင်းစည်းလာသည်နှင့်အမျှ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်း အချင်းချင်း ဆက်သွယ်မှုများသည် ပိုမိုခိုင်မြဲလာမည်ဟု မျှော်လင့်ပါကြောင်း၊ စင်ကာပူစီးပွားရေး လုပ်ငန်းများနှင့် ကုမ္ပဏီများသည် ၁၉၉၀ ခုနှစ်မှစပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ဥပဒေဆိုင်ရာ မူဘောင်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာမည်ဟု မိမိတို့အနေဖြင့် အထူးယုံကြည်ပါကြောင်း၊ အရှေ့တောင်အာရှရှိ အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အမြုံ တည်ဆောက်ရေးဆိုသည့် တူညီသော မျှော်မှန်းချက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ ရာထူးကို တာဝန်ယူမည်ဖြစ်ရာ စင်ကာပူသည် မြန်မာနိုင်ငံနှင့် အတူ ဆက်လက်အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံများအတွင်းရှိ ပြည်သူများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်၊ စည်ပင်ဝပြောရန်နှင့် နှစ်နိုင်ငံအကြား အလွှာပေါင်းစုံအတွင်း ပေါင်းစည်းမှုများ ပိုမိုခိုင်မာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ နံနက်ပိုင်းက မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နှစ်နိုင်ငံကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံကအားရကျေနပ်ကြောင်းနှင့်မိမိတို့ ရည်မှန်းချက် ထမြောက်အောင်မြင်အောင် ဆောင်ရွက်နေမှုများကို ထောက်ခံကြောင်းဖြင့် အဆွေတော်က ပြောကြားသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် အချိန်အခါကျရောက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ရည်မှန်းချက်များ ပြည့်မီလာအောင် ဆောင်ရွက်နေမှုများကို အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းအနေဖြင့် အားပေးထောက်ခံသင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ နေထိုင်နေသော ကမ္ဘာကြီးတွင် နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခြင်းကြောင့် ဖြစ်ပါကြောင်း။

လက်ရှိ အခြေအနေများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သည့်အနေဖြင့် ယမန်နှစ် မတ်လ ၃၀ ရက်တွင် မိမိတို့ နိုင်ငံအနေဖြင့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ် နှစ်စုကျော် ကြာအောင် ကြိုးပမ်းမျှော်လင့်တည်ဆောက်ခဲ့သည့် အကျိုးရလဒ်အဖြစ် ယနေ့တွင် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်သူရွေးချယ်သည့် အစိုးရတစ်ရပ်ရှိနေပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီးသုံးခုပေါ်ထွန်းနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မှန်ကန်စွာ လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် သိသာထင်ရှားသော ပြည်တွင်းနှင့် ပြည်ပဆက်ဆံရေးများ များစွာရှိလာခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ကောင်းမွန်သည့် အနာဂတ်ကို ပြည်သူများအား ပေးသွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုတွင် ပါဝင်စေလိုပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားလာသည်ကို တွေ့မြင်လိုပါကြောင်း။

ဒီမိုကရေစီစနစ် ပြောင်းလဲရာတွင် စိန်ခေါ်မှုများစွာရှိသည်ကို မိမိတို့အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေသည့် မိမိတို့အနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို သတိထားကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်သည်အထိ ရှေ့ဆက်လျှောက်လှမ်းနေမည်ဖြစ်ပါကြောင်း။

မိမိသည် နိုင်ငံတော်သမ္မတ တာဝန်ကို ထမ်းဆောင်နေသည့် ကာလအတွင်း၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မိမိကို အပ်နှင်းထားသည့် အာဏာနှင့်အညီ မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် ဒီမိုကရေစီစနစ် ထွန်းကားလာအောင် ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းက စင်ကာပူမြို့ Istana သမ္မတအိမ်တော် Banquet Hall ၌ ကျင်းပသည့် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက စင်ကာပူမြို့ Istana သမ္မတအိမ်တော် Banquet Hall ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA) ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌ (၁) ဦးသက်လွင်တိုးက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အသင်းဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က ၂၀၁၀-၂၀၁၁ ခုနှစ် အသင်း၏ ရသုံးငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က တင်ပြချက် အဆိုများနှင့် အထွေထွေကိစ္စများကို ရှင်းလင်းတင်ပြပြီး သဘာပတိအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက နိဂုံးချုပ်စကားပြောကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ပခုက္ကူ၊ ရေစကြိုနှင့် ညောင်ဦးမြို့တို့၌ သင်တန်းကျောင်း၊ သာသနာ့ဗိမာန်နှင့် ဗိမာန်တော်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် ပခုက္ကူမြို့ရှိ သာသနာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်း၌ ကျောင်းသားများနှင့်တွေ့ဆုံပြီး စာသင်ဆောင်နှင့် သင်တန်းသားအိပ်ဆောင်များ၊ သင်တန်းကျောင်းဝင်းအတွင်း၌ ရာသီသီးနှံများနှင့်သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ရေစကြိုမြို့၌ သာသနာ့ဗိမာန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာနှင့် ကျောင်းဆောက်လုပ်မည့်ပုံစံတို့ကို တာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ညောင်ဦးမြို့ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင်(ဇမ္ဗူဒီပ ဗိမာန်တော်)၌ အသစ်တည်ဆောက်လျက်ရှိသော ဓမ္မရောင်ခြည်ကျောင်းဆောင်တော် တရားဟောခန်းမနှင့် တရားဆွေးနွေးရန်နေရာ၊ ဗိမာန်တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာရင်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၉/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ကာရင်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၉)ရပ်ကွက်(ရေကျော်)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၂၅၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကာရင်ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကာရင်ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ(၅၁)ဖြစ်ပါသည်။

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးထူးမောင်နှင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်တို့သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ အပြည့်အဝ ဆောလျင်စွာရရှိရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တစ်ခုတည်းဖြင့် ဆောင်ရွက်ရန်ခက်ခဲနိုင်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ စည်ပင်သာယာရေး ဦးစီးဌာနက ပေါင်းစပ်ညှိနှိုင်းပေးသွားရန် မှာကြားသည်။

ထို့နောက် UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျေးလက်လူမှုဖွံ့ဖြိုးရေးစီမံကိန်း(ICDP)ဖြင့် ဆောင်ရွက်ခဲ့သည့် အင်းလေးကန်အတွင်းရှိ ပန်းပဲကျေးရွာ၌ သောက်သုံးရေအား ပိုက်လိုင်းဖြင့် ရေဖြန့်ဝေပေးမှုအခြေအနေ၊ ကျေးရွာတွင်းလမ်းများကို ကြည့်ရှုခဲ့ပြီး ကျေးရွာရှိ ဆင်းရဲချို့တဲ့သူများ ဝင်ငွေတိုးတက်စေရေး ဆောင်ရွက်ပေးထားသည့် စိတ်တူကိုယ်တူအဖွဲ့များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နည်းစနစ်များကို လေ့လာဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အင်းလေးကန်အတွင်းရှိ ကျေးစားကုန်း(မြောက်)ကျေးရွာ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် အများသုံးရေတိုင်များဖြင့် ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း(TPA)တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာရှိ ကျေးလက်စိုက်ပျိုးရေးသင်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား အားပေးစကားပြောကြားပြီး ကျောင်းစိမ်းဝတ်စုံနှင့်ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ပင်းတယမြို့နယ် အိုးတုံးပင်ကျေးရွာ၌ ကျေးလက်လူမှုဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သည့် စာသင်ကျောင်း၊ မိုးရေလှောင်ကန်၊ ယင်လုံအိမ်သာနှင့် ကျေးရွာတွင်း လမ်းများ၊ ကိုယ်ပိုင်ခြင်းရက်လုပ်ငန်း၊ ဆံပင်ညှပ်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာကြည့်ရှုသည်။

ထို့နောက် ကျေးရွာစိတ်တူကိုယ်တူအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ငွေကြေးစုဆောင်းနိုင်မှု၊ အဖွဲ့ဝင်များအား အသေးစားချေးငွေများထုတ်ချေးနိုင်မှု၊ ရရှိလာသည့် အကျိုးအမြတ်များမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပြန်လည်အသုံးချနိုင်မှုတို့ကို လေ့လာဆွေးနွေးပေါင်းစပ်ညှိနှိုင်းခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နီပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်းဖြင့် ဆောင်ရွက်ပေးခဲ့သော ပင်းတယမြို့နယ် ကျုံးရွာအထက တိုးချဲ့ကျောင်းဆောင်သစ်အား သွားရောက်ကြည့်ရှု၍ ကျောင်းအတွက်လိုအပ်နေမှုများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွာငံမြို့နယ် မြို့ကြီးကျေးရွာမှ တစ်ဆင့် စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူဖောက်လုပ်ခဲ့သော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သို့ သွားရောက်ခဲ့ပြီး ကျောက်ဆည်(သံရွာ)လမ်းပိုင်း၊ မြစ်သားမြို့နယ်လမ်းပိုင်းနှင့် ဝမ်းတွင်းမြို့နယ်လမ်းပိုင်းတို့ကို ကွင်းဆင်းကြည့်ရှုကာ ပျက်စီးနေသည့်လမ်းပိုင်းများ၊ တံတားများပြုပြင်ပေးနိုင်ရေး ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး နှစ် ၂၆၀၀ ပြည့် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ရွှေတိဂုံစေတီတော်မြတ်ကြီး နှစ် (၂၆၀၀)ပြည့်အတွက် ပခုက္ကူမြို့ (၁၁)ရပ်ကွက် (၃)လမ်းနေ ဦးထွန်းလှ-(ဒေါ်ဖွားပေါ)၊ သမီး ဒေါက်တာမဝင်းဝင်းထိုက်၊ သားကိုမျိုးခိုင်၊ မကေသွယ်အိ၊ မြေး ရှင်းသန့်ထက်ဝေ၊ နေခြည်ထက်ဝေတို့က ဇန်နဝါရီ ၂၆ ရက်တွင် အလှူတော်ငွေ ကျပ် ၁၀ သိန်းလှူဒါန်းကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် အောင်သိဒ္ဓိကုန်း ရွှေပြည်တော်ကျောင်းတိုက်သစ် ဦးစီးပဓာန နာယက ဆရာတော် အရှင်ကောဏ္ဍညမှူကြီးမှူး၏ ပုလဲလမ်း(ပုလဲရောင်ခြည်)ဝတ်အဖွဲ့ ၂၅ ဦးဖြင့် ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များပူဇော်ပွဲကို အဆိုပါကျောင်းတိုက်၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပစဉ်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

ရောဝဏ်လမ်းချော ခင်းပေးစေလို

စာတည်းခင်ဗျား -

ရန်ကုန်မြို့ သာကေတ(၁၀) ဈေးမှ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် သံလမ်းကွေ့ထိ ရောဝဏ်လမ်းမကြီး လမ်းကြမ်းခင်းခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့ပါပြီ။ ခရီးသည်တင်ယာဉ်လိုင်းများမှာ တိုင်းရင်းသားကျေးရွာ ရတနာလမ်းမှ ပြောင်းလဲပြေးဆွဲနေရပါသဖြင့် ခရီးသွားများ လွယ်ကူစွာသွားလာနိုင်ရေး လမ်းချောအဖြစ် ခင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားများ**

လောင်စာဆီဂိုဒေါင်ကြီး မီးဘေးစိုးရိမ်ဖွယ်

စာတည်းခင်ဗျား -

ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် အေးရိပ်မွန် (၅)လမ်းနှင့် ရတနာမွန်(၃)လမ်းထောင့် လူနေရပ်ကွက် အလယ်တည့်တည့်တွင် လောင်စာဆီများကို ဂိုဒေါင်ကြီးနှစ်လုံးဖြင့် ရောင်းဝယ်လျက်ရှိရာ မီးဘေးအန္တရာယ်ရှိပါ၍ အနီးပတ်ဝန်း ကျင်ရှိ ပြည်သူများ စိုးရိမ်သောကဖြစ်နေကြရပါသဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူများ**

ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ILBC ကျောင်းသား ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာပြပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃၄) လေးထောင့်ကန်လမ်း တာမွေမြို့နယ်ရှိ အဆိုပါကျောင်း အားကစားရုံ၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

၎င်းပြပွဲသည် ကျောင်းသား ကျောင်းသူများ၏ ကျောင်းနေစဉ်ကာလအတွင်း ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို အချိုးညီစွာ တတ်မြောက်ရုံသာမက စာတွေ့ကိုအခြေခံပြီး တီထွင်ကြံဆမှုများနှင့် လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန် လေ့ကျင့်ပေးသော ပြပွဲတစ်ခုလည်း ဖြစ်သည်။ ဝိဇ္ဇာပြခန်း ၆၇၊ သိပ္ပံပြခန်း ၅၉ စုစုပေါင်း ပြခန်း ၁၂၆ ခန်း ပါဝင်ပြီး ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ပြသခဲ့ကြောင်းနှင့် အဆိုပါကျောင်းတွင် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် ဝိဇ္ဇာသိပ္ပံဆိုင်ရာ ပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်းသိရသည်။ (ကြေးမုံ)

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မိုင်းနင်းပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ခန္တီးမြို့ ဇီးဖြူကုန်းရပ်နေ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ လက်ခိုမန်း(၃၄)နှစ်သည် လဟယ်မြို့နေ မောင်ပိုင်(၂၇)နှစ်အား ဖားကန့်မြို့နယ် တမခံရွာသို့ ဆိုင်ကယ်ဖြင့် လိုက်ပို့စဉ် ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် ခန္တီးမြို့အရှေ့ဘက် ၅၄ မိုင်ခန့်အကွာရှိ ဖားကန့်မြို့နယ် လိုက်ဆဲတောင်တက်ကားလမ်း၌ ဝါးဆစ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

မိုင်းနင်းပေါက်ကွဲမှုကြောင့် လက်ခိုမန်း၏ ဝဲပေါင်ရိုးကျိုးဒဏ်ရာနှင့် မောင်ပိုင်၏ ဝဲပေါင်ခြေသလုံး မိုင်းစများထိမှန်ဒဏ်ရာတို့ ရရှိခဲ့ကြောင်း၊ အခင်းဖြစ်နေရာသို့ လက်နက်ကိုင်သောင်းကျန်းသူ အင်အား ၁၀ ဦးခန့်ရောက်ရှိလာပြီး မိုင်းကြောင့်ဒဏ်ရာရရှိသူများမှာ အရပ်သားများဖြစ်သည့်အတွက် လာလမ်းအတိုင်းပြန်ရန် ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် လက်ခိုမန်းနှင့် မောင်ပိုင်တို့သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် လိုက်ဆဲတောင်မှ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ခန္တီးမြို့နယ် နန့်ခမာရွာ၌ တပ်မတော်စစ်ကြောင်းနှင့် တွေ့ဆုံခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းက ၎င်းတို့နှစ်ဦးအား ဆေးဝါးကုသပေးပြီး ခန္တီးပြည်သူ့ဆေးရုံသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁-၂-၂၀၁၂ နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)တွင် ပါရှိသော ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာရပ်ပို့ချချက် အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးအခန်းမှ အခွန် ပုစ္ဆာ၏ ဇယားတွင် ဝင်ငွေ (ကျပ်/လ) အစား ဝင်ငွေ (ကျပ်/နှစ်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိကို အပ်နှင်းထားသည့် အာဏာနှင့်အညီ မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် ဒီမိုကရေစီစနစ်ထွန်းကားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ စွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုတွင် စင်ကာပူနိုင်ငံမှ ပံ့ပိုးကူညီသွားမည် ဒီမိုကရေစီရှင်သန်ရေးတွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်

စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မေရီတန်တို့က ဇန်နဝါရီ ၃၀ ရက် ညပိုင်းတွင် Istana သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့သည် ည ၇ နာရီ ၁၅ မိနစ်တွင် Istana သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Reception Room ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား စင်ကာပူသမ္မတက ညစာစားပွဲသို့ တက်ရောက်လာကြသော စင်ကာပူသမ္မတနိုင်ငံမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. William Chit နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးတို့နှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)